Network for Democracy and Development
Documentation and Research Department

P.O Box 125, Mae Sod,Tak, 63110,Thailand. Tel : 66 1 7241281. E-mail : ndddoc@cscoms.com

## အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၂၆၉)

# "ဘုရင့်ပုဆိုးပိုးချည်းဘဲ"

ရန်ကုန်မြို့ ကုန်းမြင့်သာယာရှိ ဇေယျာသီရိဗိမ္မာန်မှာ ဇူလိုင်လ(၃)ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့သမီးထွေး၊ မသန္တာရွှေ (လက်ထောက်ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)နဲ့ ဗိုလ်မှူးဇော်ဖြိုးဝင်း (ဒုတိယညွှန်ကြားရေးမှူး ကုန်သွယ်ရေးဦးစီးဌာန)တို့ရဲ့ မင်္ဂလာဆောင်ခံပွဲ**VCD**ခွေဟာ ဒီနှစ်အောက်တိုဘာလ ဒုတိယပတ်ထဲမှာ ရန်ကုန်လူထုအတွင်း လက်သိပ်ထိုးရောက်ရှိ ပြန့်နှံ့ခဲ့တာကို တွေ့ရပါတယ်။ ထွင်းနပ်မှန်အောင်စားနိုင်ဖို့ အနိုင်နိုင်ရုန်းကန်နေကြရတဲ့ မြန်မာပြည်သူတွေဟာ နိုင်ငံတော်အကြီးအကဲရဲ့သမီးထွေးလေး မင်္ဂလာဆောင်ကို ဘယ်လိုခမ်းခမ်းနားနားနဲ့ ဆင်ယင်ကျင်းပခဲ့ကြသလဲ၊ သတို့သမီးအပါအဝင် ဆွေတော်မျိုးတော်တွေနဲ့ မင်္ဂလာအခမ်းအနားကိုတက်ရောက်လာတဲ့ ဗိုလ်ချုပ်ကြီး/ငယ် ကတော်တွေ၊ ဘယ်လိုဝတ်စားဆင်ယင်ကြသလဲဆိုတာကို စိတ်ဝင်စားတဲ့အတွက် ဒီ **VCD** ခွေတွေကို ဈေးကြီးပေးပြီး တိုးတိုးတိတ်တိတ် ဝယ်ယူ၊ ငှါးရမ်း ကြည့်ရှုနေကြပါတယ်။

ဇူလိုင်လဆန်းပိုင်းက (၃)နေ့ရာခွဲပြီး ကျင်းပပြုလုပ်ခဲ့တဲ့ ဒီမင်္ဂလာဆောင်ခံပွဲမတိုင်ခင် ဖွန်လလည်လောက်ကတည်းက စပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြတဲ့ နိုင်ငံတကာ စီးပွားရေးကုမ္ပဏီကြီးတွေရဲ့ ကိုယ်စားလှယ်တွေ၊ နအဖ ဗိုလ်ချုပ်ကြီးတွေနဲ့ရင်းနှီးတဲ့ ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ၊ ဘိန်းဘုရင်ဟောင်း၊ ဘိန်းဘုရင်သစ်တွေ၊ ခေတ်ပျက်သူဌေးတွေ၊ နအဖအကြီးအကဲ ဗိုလ်ချုပ်ကြီးငယ်တွေ၊ ဝန်ကြီးဝန်ကလေးတွေနဲ့ ဌာနဆိုင်ရာအကြီးအကဲတွေအပြင်၊ ဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေ၊ အမျိုးသမီးရေးရာကော်မတီ၊ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်း၊ ကြံ့ဖွံ့အဖွဲ့၊ စစ်မှုထမ်းဟောင်းများအဖွဲ့၊ ကုန်သည်ကြီးများအသင်း၊ စက်မှုလုပ်ငန်းရှင်ကြီးများအသင်း၊ စတဲ့ ဌာနတွေ၊ အသင်းအဖွဲ့တွေ၊ အစည်းအရုံးတွေ၊ ကော်မတီတွေဟာလည်း မင်္ဂလာလက်ဖွဲ့ကိစ္စနဲ့ပတ်သက်ပြီး အသီးသီးအလှုပ်ရှုပ်နေခဲ့ကြတယ်လို့ ဆိုပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဇနီးဒေါ်ကြိုင်ကြိုင်တို့ကို မျက်နှာလုပ်နိုင်ဖို့အတွက် အဖိုးအနဂ္ဃထိုက်တန်တဲ့ မင်္ဂလာလက်ဆောင်ပစ္စည်းတွေကို သူ့ထက်ငါကောင်းအောင်ပေးနိုင်ဖို့ အပြိုင်အဆိုင် ကြိုးပမ်းအားထုတ်ခဲ့ကြပါတယ်။ တချို့က စိန်၊ တချို့က ဇိမ်ခံကား၊ တချို့က တိုက်၊ တချို့က ခြံမြေကွက်၊ တချို့က ရွှေ၊ တချို့က ဒေါ်လာ၊ တချို့က ကျောက်မျက်ရတနာ၊ စသည်ဖြင့် ကိုယ့်စိတ်ကူးနဲ့ကိုယ်၊ စီစဉ်ခဲ့ကြရာမှာ စိန်တွေ လက်ဆောင်ပေးချင်သူအရေအတွက်က များလွန်းတဲ့အတွက် ဖွန်လကုန်ပိုင်း ရန်ကုန်စိန်ဈေးကွက်မှာ စိန်တရတီကို ကျပ်သိန်း(၄၀)အထိ ဈေးတွေတဟုန်ထိုး ထိုးတက်သွားခဲ့တယ်လို့ ဆိုပါတယ်။တချို့ကလည်း ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ တောင်အာဖရိက၊ ဟောင်ကောင် စတဲ့ နိုင်ငံတကာစိန်ဈေးကွက်တွေက စိန်တွေကိုတောင် တကူးတကမှာယူပြီး လက်ဖွဲ့ခဲ့ကြတယ်လို့ ဆိုပါတယ်။

မသန္တာရွှေနဲ့ ဗိုလ်မှူးဇော်ဖြိုးဝင်း တို့ရဲ့ မင်္ဂလာဆောင်ခံပွဲကို မြန်မာနိုင်ငံအမျိုးသမီးများနေ့နဲ့ တိုက်ဆိုင်ပြီး ကြပ်ပြေးနေပြည်တော်ရှိ နိုင်ငံတော်အကြီးအကဲရဲ့အိမ်တော်မှာ ဇူလိုင်လ(၂)ရက်နေ့၊ ရန်ကုန် ကုန်းမြင့်သာယာရှိ ဇေယျာသီရိဗိမ္မာန်နဲ့ ဆီဒိုးနား ဟော်တယ်တွေမှာ ဇူလိုင်(၃)ရက်နေ့က အသီးသီးကျင်းပပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ သမီးတော်လေးရဲ့ မင်္ဂလာပွဲဟာ မြန်မာ့သမိုင်းမှာ အကြီးအကျယ်ဆုံးဖြစ်စေရမယ်လို့ ဒေါ်ကြိုင်ကြိုင် ကိုယ်တိုင်က ညွှန်ကြားခဲ့တဲ့အတွက် ဒီမင်္ဂလာဆောင်ခံပွဲတွေကို နိုင်ငံတော်စီးပွားရေးလုပ်ငန်းရှင် ဦးတေဇနဲ့ အဒေဒင်ဆောက်လုပ်ရေးလုပ်ငန်းရှင် ဦးချစ်ခိုင် တို့ကိုယ်တိုင် ကြီးမှူးစီစဉ်ခဲ့တာ

ဖြစ်တယ်လို့ ဆိုပါတယ်။ ဦးတေဇ က မရီးလေးကို မင်္ဂလာလက်ဖွဲ့ဖို့အတွက် တဖက်ကို (၈)ရတီစီရှိတဲ့ စိန်နားကပ်တစ်စုံကို ဟောင်ကောင်က မှာယူလက်ဖွဲ့ခဲ့သလို၊ ဦးချစ်ခိုင်ကလည်း ရန်ကုန်၊ မန္တလေး၊ မေမြို့နဲ့ ပေလီကမ်းခြေတွေမှာ တန်ဖိုးကြီး တိုက်အိမ်တွေကို ဝယ်ယူ၊ ဆောက်လုပ်၊ လက်ဖွဲ့ခဲ့တယ်လို့ ဆိုပါတယ်။

မင်္ဂလာညှော်ခံပွဲကို ဖိတ်ကြားခံခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီး (၄၂)ဦးကလည်း တစ်ဦးကို ကျပ်သိန်း(၁၀၀)ထက် မနည်းတဲ့ လက်ဆောင်ပစ္စည်းတွေနဲ့ လက်ဖွဲ့ခဲ့ကြရပြီး တိုင်းမှူးတွေ၊ ဝန်ကြီးတွေ၊ ဌာနဆိုင်ရာအကြီးအကဲတွေနဲ့ အသင်းအဖွဲ့တွေဆီကလည်း ကျပ်သိန်းပေါင်း(၅၀၀၀)ကျော် တန်ဖိုးရှိတဲ့လက်ဖွဲ့ပစ္စည်းမျိုးစုံကို လက်ခံရရှိခဲ့တယ်လို့ ဆိုပါတယ်။ မင်္ဂလာပွဲကို လူကိုယ်တိုင်မတက်ရောက်ပဲ အိမ်တော်ကို လက်ဆောင်ပစ္စည်းတွေနဲ့ချက်လက်မှတ် ပို့ပေးသူတွေလည်း အများအပြားရှိသလို၊ မင်္ဂလာဝတ်စုံနဲ့အလှပြင်ခ၊ ဟော်တယ်ငှားခ၊ တီးဝိုင်းနဲ့ ကျွေးမွေးညှော်ခံစရိတ်အပါအဝင် အထွေထွေ ကုန်ကျစရိတ်တွေကိုလည်း သက်ဆိုင်သူအသီးသီးက အခမဲ့ ကူညီလုပ်ဆောင်ပေးခဲ့ကြတဲ့အတွက် ဒီမင်္ဂလာပွဲစဉ်တခုလုံးမှာ သတို့သားသတို့သမီးဘက်က တပြားမှမကုန်ကျခဲ့တဲ့အပြင် ရရှိခဲ့တဲ့လက်ဆောင်ပစ္စည်း တန်ဖိုးစုစုပေါင်းဟာ ပျမ်းမျှ အမေရိကန်ဒေါ်လာ သန်း (၅၀) နီးပါးအထိ ရှိနိုင်တယ်လို့ ဗိုလ်ချုပ်ကတော်အသိုင်းအဝိုင်းက ခန့်မှန်းပြောဆိုနေကြပါတယ်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးရဲ့သမီး မနန္ဒာအေး နဲ့ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်းရဲ့သား ရေတပ်ဗိုလ်မှူး ပြည်အောင် တို့ရဲ့ မင်္ဂလာပွဲမှာတုန်းကတောင် နှစ်ဖက်မိဘတွေအရှိန်အဝါနဲ့ ကူညီထောက်ပံ့ခဲ့တဲ့ မင်္ဂလာလက်ဖွဲ့တန်ဖိုးဟာ ဒေါ်လာ(၃)သိန်း ကျော်သာရှိခဲ့တဲ့အတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့သမီးထွေးရရှိခဲ့တဲ့ မင်္ဂလာလက်ဖွဲ့ရဲ့ ဆယ်ပုံတစ်ပုံတောင် မရှိဘူးလို့လည်း ပြောဆိုနေကြပါတယ်။ နအဖ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးရဲ့သား ဇော်ထွန်းဦးနဲ့ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးကြီး ကိုလေးရဲ့သမီး ခင်သီတာ တို့ရဲ့ မင်္ဂလာဆောင်ခဲ့စဉ်ကလည်း မင်္ဂလာလက်ဖွဲ့၊ ကျပ်သိန်း(၂၀၀)၊ ဇိမ်ခံဆလွန်းကား(၁၀)စီး နဲ့ တိုက်ခန်းတချို့သာ ရရှိခဲ့တယ်လို့ဆိုပါတယ်။

“မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ” ဆိုပြီး မိဘဝတ္တရားတွေရှိပေမဲ့ နအဖ ဗိုလ်ချုပ်ကြီးတွေအတွက်တော့ သားသမီးတွေကို လက်ထပ်ထိမ်းမြားပေးရာမှာ “ပေးဝေနှီးရင်း” လုပ်စရာမလိုပဲ မျက်နှာပြလိုက်ဖို့သာလိုတယ်လို့ ဆိုပါတယ်။ ဇူလိုင်လ(၃)ရက်နေ့က ရန်ကုန်မြို့ ဇေယျာသီရိဗိမ္မာန်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မင်္ဂလာညှော်ခံပွဲကိုလည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ကိုယ်တိုင်၊ သမီးတော်၊ သားမက်တော်၊ မြေးတော်၊ ဆွေတော်မျိုးတော်တွေအားလုံးနဲ့အတူ တက်ရောက်ပြီး မျက်နှာပြခဲ့တာ တွေ့ရပါတယ်။ ဒီညှော်ခံပွဲကတော့ ဗိုလ်ချုပ်မှူးကြီးရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ရင်းနှီးသူတွေအတွက် သီးသန့်ရည်ရွယ် ပြုလုပ်ခဲ့တာ ဖြစ်ပြီး ညှော်ပရိသတ်စုစုပေါင်း (၅၀၀)ကျော်လောက်သာ တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။

မင်္ဂလာပွဲကို တက်ရောက်လာကြသူတွေထဲမှာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း နဲ့ လုံခြုံရေးတာဝန်ကျ စစ်ရဲတချို့လောက်ကိုသာ ယူနီဖေါင်းတွေနဲ့တွေ့ရပေမဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနဲ့ ဗိုလ်ချုပ်ကြီးရွှေမန်း အပါအဝင် နအဖ စစ်ကောင်စီအဖွဲ့ဝင်တွေ၊ ဝန်ကြီးအဖွဲ့ဝင်တွေနဲ့ စစ်ဘက်နယ်ဘက်က အရာရှိကြီးတွေဟာ အမျိုးသားဝတ်စုံတွေဝတ်ဆင်ပြီး ကိုယ့်စားပွဲအသီးသီးမှာ ကုတ်ကုတ်လေးတွေ ထိုင်နေတာကိုတွေ့ရပါတယ်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနဲ့ ဇနီး ဒေါ်သန်းသန်းနွဲ့ တို့က မင်္ဂလာမောင်နှံကို စပွါယ်ပန်းကုံးနဲ့ စိန်လက်စွပ်တွေ ချီးမြှင့်ပေးခဲ့ပါတယ်။ ဗိုလ်ချုပ်ကတော် အသီးသီးဟာ စိန်ရွှေလက်ဝတ်ရတနာမျိုးစုံကို ဝတ်စားလာကြပေမဲ့ သူ့ထက်ငါ အပြိုင်အဆိုင် ဝတ်စားလာတဲ့ပုံစံမျိုးတော့ မတွေ့ရပါဘူး။ နိုင်ငံတော်အကြီးအကဲတွေရှေ့မှာမို့ ဆင်းရဲချင်ယောင် ဆောင်နေကြတာလည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် မယ်တော်ကြီး ဒေါ်ကြိုင်ကြိုင်နဲ့ သမီးတော်တွေထက် သာနေရင် မျက်မာန်တော်ရှ ခံရမှာစိုးလို့လည်း ဖြစ်နိုင်ပါတယ်။

သတို့သမီး “မသန္တာရွှေ” ကိုတော့ “မစိန်ရွှေ” လို့ အမည်ပြောင်းပစ်ဖို့ကောင်းလောက်အောင် တကိုယ်လုံး စိန်တွေသီးနေတာ တွေ့ရပါတယ်။ ခေါင်းကဆံထုံးမှာ ထိုးစိုက်ဆင်ယင်ထားတဲ့ စိန်ဆံထိုး၊ စိန်ပန်းခိုင်တွေ၊ နားတဖက်တချက်မှာ ပြူးနေတဲ့ စိန်နားကပ်ကြီးတွေ၊ လည်ပင်းပေါ်က စိန်ဘယက်၊ စိန်လည်တုံနဲ့ စိန်ဆွဲကြိုးကြီးတွေ၊ တဒေါင်ဆစ်နားအထိရောက်အောင် ဝတ်ဆင်ထားတဲ့ စိန်လက်ကောက်တွေနဲ့ လက်ချောင်းအသီးသီးမှာဝတ်ဆင်ထားတဲ့ စိန်လက်စွပ်တွေကို မျက်လုံးကျိန်းလောက်အောင် ပြိုးပြိုးပျက်ပျက် မြင်တွေ့ရပါတယ်။ မှတ်တမ်းတင် ဗွီဒီယိုရိုက်ကူးသူတွေကလည်း ဗိုလ်ချုပ်ကြီးရွှေမန်းနဲ့ ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် တို့အမှူးပြုတဲ့ နအဖအဖွဲ့ဝင်တွေနဲ့ ဝန်ကြီးအဖွဲ့ဝင်တွေကို အပေါ်ယံလောက်သာ ရိုက်ပြပြီး သူတို့သမီးရဲ့ ပြုံးရွှင်ကြည်နူးနေတဲ့မျက်နှာနဲ့ စိန်တွေကိုသာ မကြာခဏ အနီးကပ်ရိုက်ပြခဲ့ကြတာကို တွေ့ရပါတယ်။

ဇေယျာသီရိမင်္ဂလာခန်းမကနေ ရန်ကုန်စံအိမ်တော်ကိုအပြန် ဘယ်သူ့မင်္ဂလာလက်ဖွဲ့မှန်းမသိရတဲ့ **(CELSIOR)** အမျိုးအစား (၇၈/၉၀၂၇) နောက်ဆုံးပေါ်ကားအဖြူလေးနဲ့ ထွက်ခွါသွားပုံ၊ စံအိမ်တော်အတွင်းရှိ သဥ္စာလီအိပ်ဆောင်ခန်း အဝင်ဝမှာ ဆွေတော်မျိုးတော်တသိုက်က စိန်ကြိုး၊ ရွှေကြိုး၊ ရတနာကြိုး မျိုးစုံနဲ့ အဆင့်ဆင့်တားပြီး ခဲဖိုးတောင်းခဲ့ကြပုံတွေကို

လည်း တွေ့ရပါတယ်။ သူတို့သမီးနဲ့ သူတို့သားကလည်း ကြိုးတားသူတွေကို ကျပ်တစ်ထောင်တန်တွေကို အထပ်လိုက်ဝေပေးခဲ့တဲ့အပြင် ဒေါ်လာ(သို့မဟုတ်)ချက်လက်မှတ်တွေထည့်ထားပုံရတဲ့ စာအိတ်တွေကိုလည်း ဝေပေးခဲ့တာတွေ့ရပါတယ်။ ကုလားဇာတ်ကားတွေထဲကလို ခန်းနားစွာ ပြင်ဆင်ထားတဲ့ မင်္ဂလာအိပ်ယာခန်းနားတွေကိုလည်း ရိုက်ကူးပြသခဲ့တဲ့အပြင် သူတို့သမီးတကိုယ်လုံးမှာဝတ်ဆင်ထားတဲ့ စိန်ထည်ပစ္စည်းတွေကို တစ်ခုချင်းဖြုတ်သိမ်းနေပုံတွေကိုလည်း အသေးစိတ် အနီးကပ်ရိုက် ပြသခဲ့တာကို တွေ့ရပါတယ်။

ဒီမင်္ဂလာအခမ်းအနားတွေကို မြန်မာ့ရုပ်မြင်သံကြားအဖွဲ့၊ တပ်မတော် ပြန်ကြားရေးနဲ့ပြည်သူ့ဆက်ဆံရေးအဖွဲ့ နဲ့ ရန်ကုန် (၄၈)လမ်းက စိုင်းဘုန်းထူး ဗီဒီယိုလုပ်ငန်းက တာဝန်ခံရိုက်ကူးခဲ့ကြတာ ဖြစ်ပါတယ်။ ပြည်သူလူထုအတွင်း လက်သိပ်ထိုး ဖြန့်ချီခဲ့တဲ့ ဗွီစီဒီခွေမှာ စိုင်းဘုန်းထူး ဗွီဒီယိုလုပ်ငန်းရဲ့ မှတ်ပုံတင်တံဆိပ်တွေပါဝင်နေပေမဲ့ ဒီအခွေကို သူတို့ဆီက ဖြန့်ချီတာ မဟုတ်ဘူးလို့ စိုင်းဘုန်းထူးက တရားဝင် ငြင်းဆိုထားပါတယ်။ ဒီအခွေကို ဘယ်သူတွေက ဘယ်လိုရည်ရွယ်ချက်နဲ့ ပြည်တွင်းပြည်ပမှာ ဖြန့်ချိနေသလဲဆိုတာ အတိအကျ မသိရသေးပါဘူး။ တချို့ကတော့ လက်ရှိနိုင်ငံရေးအကျပ်အတည်းတွေကို အာရုံပြောင်းသွားအောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ မိသားစုက ဖြန့်တာဖြစ်နိုင်တယ်လို့ ပြောဆိုနေကြသလို၊ တချို့ကတော့ နအဖအတွင်းက ဆန့်ကျင်ဘက်အုပ်စုတစ်ခုရဲ့ လက်ချက်ဖြစ်နိုင်တယ်လို့ သုံးသပ်နေကြပါတယ်။

ကမ္ဘာကျော် **"TITANIC"** ရုပ်ရှင်ကားကြီးမှာ စိတ်လှုပ်ရှားရတဲ့ ဇာတ်ဝင်ခန်းတွေအများအပြားရှိတဲ့အနက် စိတ်လှုပ်ရှားစရာအကောင်းဆုံးအခန်းကို စစ်တမ်းကောက်ယူရာမှာ ဖွားဖွား **Rose** (သရုပ်ဆောင်မင်းသမီး ကိတ်ဝင်းစလက်ကိုယ်စားသရုပ်ဆောင်သူ)က သူ့ရဲ့ အဖိုးအနဂ္ဂထိုက်တန်တဲ့ "စိန်ပြာ"လည်ဆွဲရတနာကြီးကို တိုင်တန်နစ်သင်္ဘောကြီး နစ်မြှုပ်ခဲ့တဲ့သမုဒ္ဒရာထဲကို ပစ်ချလိုက်တဲ့အခန်းဟာ သူ့စိတ်ကို အလှုပ်ရှားဆုံးဖြစ်စေခဲ့တယ်လို့ လူပျော်တစ်ဦးက ဖြေကြားခဲ့သလို၊ ဗိုလ်ချုပ်မှူးကြီးရဲ့သမီးထွေး မင်္ဂလာဆောင်ညှော်ခံပွဲ **VCD** ခွေမှာလည်း စိတ်အလှုပ်ရှားရဆုံးအခန်းကို စစ်တမ်းကောက်ယူမယ်ဆိုရင် သူတို့သမီးခန္ဓာကိုယ်ပေါ်က စိန်ထည်ပစ္စည်းတွေကို တစ်ခုချင်းဖြုတ်ယူနေတဲ့အခန်းကို အများက အဆိုပြုကြလိမ့်မယ်လို့ ယူဆမိပါတယ်။

ဗိုလ်ချုပ်မှူးကြီးကတော် ဒေါ်ကြိုင်ကြိုင်နဲ့ သမီးတော်တွေဟာ အတောင်းအရမ်းကြမ်းပြီး အသုံးအဖြုန်းလည်း အလွန်ကြီးကြတယ်လို့ ဗိုလ်ချုပ်ကတော်အသိုင်းအဝိုင်းမှာ ပြောဆိုနေကြပါတယ်။ ဗိုလ်ချုပ်မှူးကြီး တိုင်းခန်းလှည့်လည်တဲ့အခါ သမီးတော်တွေသာမက မြေးတော်မြစ်တော်တွေကိုပါ တပြုံတမကြီး ခေါ်ဆောင်သွားလေ့ရှိတာကြောင့် သူတို့အတွက် ညှော်ခံကျွေးမွေးရတဲ့စရိတ်တွေလည်း အဆမတန် ပိုမိုကုန်ကျခဲ့တဲ့အပြင် သမီးတော်တွေက စတိုးဆိုင်ကြီးတွေနဲ့ ကုန်တိုက်ကြီးတွေမှာ သူတို့လိုချင်တာတွေ့ရင် ငွေမပေးပဲ ဆွဲယူသွားလေ့ရှိတဲ့အတွက်လည်း ခရီးစဉ်ပြီးတဲ့အခါ သက်ဆိုင်ရာ မြို့တော်ဝန်တွေနဲ့ စစ်တိုင်းမှူးတွေက လိုက်ရှင်းရလေ့ရှိတယ်လို့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောပြပါတယ်။

ဒီနှစ် ဇန်နဝါရီလနောက်ဆုံးပတ်အတွင်းမှာ နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ သူ့မိသားစုဟာ ပုသိမ် ငွေဆောင်ကမ်းခြေကို (၅)ရက်ကြာ အပမ်းဖြေခရီး သွားရောက်ခဲ့ကြပါတယ်။ ငွေဆောင်မှာ အပမ်းဖြေရင်း ဆောက်လုပ်လက်စ သူတို့မိသားစုပိုင် **"Hotel Resort" & "Myanmar Treasure Resort"** ကိုပါ သွားရောက်ကြည့်ရှုတဲ့ခရီးစဉ်ဖြစ်ပေမဲ့ နိုင်ငံတော်စရိတ်နဲ့ အပမ်းဖြေနိုင်ဖို့အတွက် ငွေဆောင်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ ငွေဆောင်ကမ်းခြေရှိ ဟော်တယ် တွေ၊ တည်းခိုဆောင်တွေကို လှည့်လည်စစ်ဆေးတဲ့ခရီးစဉ်အဖြစ် အကြောင်းပြခဲ့ပါတယ်။ သူတို့နဲ့အတူ ဒုတိယဗိုလ်ချုပ်ကြီးတွေဖြစ်ကြတဲ့ ခင်မောင်သန်း၊ တင်အေး၊ စိုးသိန်းနဲ့ မြတ်ဟိန်း တို့အပြင် နအဖဝန်ကြီးအဖွဲ့ထဲက သူတို့ခေါ်ချင်တဲ့ ဝန်ကြီးတွေ၊ ကာကွယ်ရေးဝန်ကြီးဌာနနဲ့နအဖရုံးက အရာရှိကြီးတွေ၊ သူတို့မိသားစုတွေကို ရွေးချယ်ခေါ်ယူ သွားရောက်ခဲ့တာဖြစ်ပါတယ်။

ဒီအဖွဲ့တွေ တည်းခိုခဲ့တဲ့ ငွေဆောင်ကမ်းခြေရှိ "စင်ထရယ်" ဟော်တယ်နဲ့ "ငွေဆောင်"ဟော်တယ်တို့ရဲ့ ဇန်နဝါရီလ (၂၆)ရက်နေ့မှ (၃၁)ရက်နေ့အထိ ကုန်ကျစရိတ် စုစုပေါင်းဟာ ကျပ်(၉)သန်း ကျော်(၉၇၄၆၂၁၉) နဲ့ (၇၆)ဒေါ်လာ ရှိခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီအထဲမှာ ဗိုလ်ချုပ်မှူးကြီးရဲ့ သမီးတော်တွေနဲ့ မြေးတော်တွေ အပျင်းပြေကစားဖို့ **DVD, VCD** နဲ့ **Game** တွေ မှာယူတပ်ဆင်ပေးရတာကတင် ကျပ်(၁)သန်းနဲ့(၆)သိန်းကျော် ကုန်ကျခဲ့ပြီး၊ ညပိုင်း ပင်လယ်ကမ်းခြေပါတီပွဲမှာ ခလေးတွေ ပစ်ဖေါက်ကစားဖို့ မီးရှူးမီးပန်းနဲ့ မီးပုံးပျံဖိုးကတင် ကျပ်(၁)သိန်းကျော် ကုန်ကျခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးတွေနဲ့ သူတို့ရဲ့ မိသားစုတွေ ညနေခင်း ပင်လယ်လေညှင်းခံရင်း ပင်လယ်စာနဲ့တွဲပြီးမှီဝဲခဲ့တဲ့ အဖျော်ယမကာဖိုးကလည်း ကျပ်(၇)သိန်းနီးပါး အထိ ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒီကုန်ကျစရိတ်တွေကို နိုင်ငံတော်ဘဏ္ဍာကနေ ထုတ်ယူသုံးစွဲခဲ့ကြတာ ဖြစ်ပါတယ်။

တကယ်တော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိသားစုရဲ့ ဒီခရီးစဉ်ဟာ ပင်လယ်ကမ်းခြေမှာ မိသားစုအပမ်းဖြေတဲ့ သာမန်ခရီးစဉ်သာ ဖြစ်သင့်ပါတယ်။ ဒါပေမဲ့ ထူးထရိတ်ဒင်းကုမ္ပဏီလီမိတက်က တည်ဆောက်နေတဲ့ သူတို့ရဲ့ဟော်တယ်နဲ့ **Resort** ကို ကြည့်ရှုရင်း **Wood land Co., Ltd** က တည်ဆောက်နေတဲ့ **"Bay of Bengal Resort"**၊ **TMW Co., Ltd**

က တည်ဆောက်နေတဲ့ **"Sunny Paradise Resort"**၊ ဒဂုံအင်တာနေရှင်နယ်လီမိတက်က တည်ဆောက်ထားတဲ့ **"The Palm Beach Resort"** နဲ့ ယုဇန ကုမ္ပဏီလီမိတက်က တည်ဆောက်ထားတဲ့ **"Yuzana Resort Hotel"** တွေကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးပြခဲ့တဲ့အတွက် အဲဒီကုမ္ပဏီတွေရဲ့ ဥက္ကဌတွေနဲ့ ဒါရိုက်တာတွေကလည်း ငွေဆောင် ကို တကူးတက သွားရောက်ပြီး ခရီးဦးကြိုပြုရတာတွေ၊ အပြန်မှာ လက်ဆောင်ပေးရတာတွေကို လုပ်ခဲ့ကြရတယ်လို့ လုပ်ငန်းရှင်တစ်ဦးက ငြီးငြူပြောဆိုခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ နအဖအကြီးအကဲတွေအသိုင်းအဝိုင်းမှာ ပြုလုပ်တဲ့ မင်္ဂလာပွဲ၊ ခေါင်းဆေးမင်္ဂလာပွဲ၊ ကင်ပွန်းတပ်ပွဲ၊ နားသပွဲ၊ ရှင်ပြုပွဲ၊ ဘုရားကိုးဆူပွဲ၊ အိမ်တက်ပွဲ၊ ပါတီပွဲ၊ ညှော်ခံပွဲ၊ အသုဘပွဲ၊ စတဲ့ ပွဲမျိုးစုံဟာ တရားဝင်လာဘ်လာဘ လက်ခံယူတဲ့ပွဲတွေ များပါတယ်။ “ဝန်ကတော်တစ်ကျပ်၊ ဝန်ကြီးတစ်မတ်” ဆိုသလို၊ နအဖ အကြီးအကဲပုဂ္ဂိုလ်ကြီးတွေ မသေခင်၊ မပြုတ်ခင် ဒီလိုပွဲမျိုးတွေ များများလုပ်နိုင်လေ ကျန်ရစ်မဲ့မိသားစုအတွက် အကျိုးရှိလေဖြစ်ပါတယ်။ စစ်အာဏာရှင်ဟောင်းကြီး ဦးနေဝင်း ဘုန်းမီးနေလထွန်းတောက်ခဲ့စဉ်ကလည်း သမီးတော် ဗိုလ်မှူးခင်စန္ဒာဝင်းရဲ့ နှစ်ပတ်လည် မင်္ဂလာအခမ်းအနားတွေကို နှစ်စဉ် ဒီဇင်ဘာ(၂၆)ရက်နေ့တိုင်းမှာ ကျင်းပပြုလုပ်ခဲ့ပြီး လာဘ်လာဘတွေကို လက်ခံရယူလေ့ရှိပေမဲ့ အခု ဦးနေဝင်း မရှိတော့တဲ့အခါ ဒေါ်ခင်စန္ဒာဝင်းကို ထောင်ဝင်စာလာတွေ့မဲ့သူတောင် မရှိတော့တာ တွေ့နိုင်ပါတယ်။ အလားတူ စစ်အာဏာသိမ်းခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးစောမောင် ရာထူးကဖယ်ရှားခံရပြီးနောက်ပိုင်းနဲ့ သေဆုံးပြီးနောက်ပိုင်းကာလတွေမှာ ကျန်ရစ်သူဇနီးသားသမီးတွေကို ဘယ်သူကမှ ဆေးဖေါ်ကျောဘက် မလုပ်တော့တာကိုကြည့်ပြီး သံဝေဂ ယူသင့်ပါတယ်။ ဒါကြောင့် မိဘတွေ လက်ရှိရာထူးစည်းစိမ်က မပြုတ်ခင်၊ မသေခင်ကလေးမှာ နောက်ဆုံးအခွင့်အရေးတစ်ရပ်အနေနဲ့ ဒီလို လုပ်ကြရတာကို ပြည်သူလူထုအနေနဲ့ မုဒိတာ မပွားနိုင်ရင်တောင်၊ မစ္ဆရိယစိတ်မျိုး မထားသင့်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

---

***End of report/ Saturday, October 21, 2006***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---

မိတ်ဆွေများခင်ဗျား–

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု